mgyoe.com

# ရာဝိန္ဒြာနတ်တာဂိုး

# သစ်သီးခူး

မြသန်းတင့်



mgyoe.com

mgyoe.com SAMPLE BOOK




7500 Ks

9 248480 505771

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
တအုပ်အစီအစဉ် ၄၇၃

# သစ်သီးဆွတ်
# မြသန်းတင့်

## FRUIT GATHERING

RABINDRANATH TAGORE

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇ ၉၃၉၃
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

**သစ်သီးခူး**

တတိယအကြိမ်၊ ဖေဖော်ဝါရီ၊ ၂၀၂၅။ (နှစ်ကာလများစာပေ)

ဒုတိယအကြိမ်၊ဇန်နဝါရီ၊ ၂၀၁၅။ ( တပေါင်းတည်းပုံနှိပ်၊ပိတောက်ရနံ့စာပေ)

ပထမအကြိမ်၊ စက်တင်ဘာ၊ ၁၉၉၃။ (ဂုဏ်ထူးစာပေ)

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၇၅၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မှတ်သုံ၊ စိုးမင်းအောင်။ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

၁။

မင်း ခိုင်းတယ်ဆိုရင်
သစ်သီးတွေကို
ခြင်းတောင်းနဲ့ အပြည့် ခူးပြီး
မင်းတို့ တလင်းပြင်ကို
ယူလာခဲ့မယ်လေ။
တချို့ သစ်သီးတွေ
လမ်းမှာ ကျချင်လည်း ကျပေ့စေ
တချို့လည်း ရှမ်းပြင်းတွေ
ဖြစ်ချင် ဖြစ်ပေ့စေ၊
ရာသီက မိုးတိမ်တွေ အုံ့ဆိုင်းလို့။
အရိပ်ထဲက နွားကျောင်းသားရဲ့
လွမ်းစဖွယ် ပလွေသံကို
ကြားရတယ်။

မင်း ခိုင်းတယ်ဆိုရင်
နဒီတစ်ကြောမှာ ရွက်ကုန်ဖွင့်ပြီး မျှောမယ်လေ။
တပေါင်း လေရူးက
သုတ်သီးသုတ်ပျာ နှော့လို့။
ပျင်းတိ ပျင်းတွဲ လှိုင်းတွေကို ညည်းတွားအောင်
ကလူကျီစယ်နေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဥယျာဉ်ဟာ ရှိသမျှ သစ်သီးတွေကို
ပေးဝေလို့ ပြီးပြီ။
နွမ်းလျဖွယ် ဆည်းဆာချိန်
နေမှိန်မှိန် ကမ်းစပ်မှာရှိတဲ့
မင့်အိမ်က ခေါ်သံကို ကြားရတယ်။

■

mgyoe.com

 mgyoe.com SAMPLE BOOK 

၂။
ငယ်ငယ်တုန်းက ကိုယ့်ဘဝဟာ
ပွင့်ချပ်တွေ အလွှာ အလွှာထဲက
တစ်လွှာ နှစ်လွှာကို ခြွေချခဲ့တဲ့
ပန်းကလေးတစ်ပွင့်နဲ့ အတူတူ၊
နွေဦး လေပြည်က
သူ့တံခါးပေါက်မှာ လာရပ်ပြီး
တောင်းခံတဲ့ အခါ
ဘယ်ခါမှ
နှမြောတွန့်တို မရှိခဲ့သူ။

ခုလို
နုပျိုခြင်းဆုံးတဲ့ အခါကျတော့
ကိုယ့်ဘဝဟာ
သစ်သီးတစ်လုံးရဲ့ ပုံပမာ။
ပေးစရာရယ်လို့ ဘာမျှမရှိ
ချိုမြိန်ခြင်း အပြည့်နဲ့
ကိုယ့်ကိုယ်ကိုယ် ပေးအပ်ရမည့် အချိန်ကို
စောင့်မျှော်နေလျက်သာ။

■

mgyoe.com

၃။

× × × × × × × × ×

၄။

ကျွန်မ အိပ်ရာက နိုးလာတော့
မနက်ခင်းနဲ့အတူ သူ့စာကို တွေ့ရတယ်။
သူ့စာထဲမှာ ဘာတွေ ရေးထားမှန်း
ကျွန်မ မသိပါဘူးရှင်
ကျွန်မက စာမှ မတတ်ဘဲကိုး
ပညာရှိကြီးကိုလည်း
သူ့ စာအုပ်တွေနဲ့အတူ
ထားလိုက်တော့မယ်။
သူ့ကို ဒုက္ခ မပေးတော့ပါဘူး။
စာထဲမှာ ပါတာတွေကို သူလည်း
ဖတ်ချင်မှ ဖတ်နိုင်မှာကိုး။

စာကို ကျွန်မ နဖူးနဲ့
ထိထားပါရစေ။
ကျွန်မ နှလုံးသားမှာ
အပ်ထားပါရစေ။
ညက တဖြည်းဖြည်း တိတ်ဆိတ်လာပြီး
ကြယ်ကလေးတွေ တစ်လုံးပြီး တစ်လုံး
ပေါက်လာတဲ့အခါမှာ
စာကို ကျွန်မ ရင်ခွင်မှာ အပ်ပြီး
ငြိမ်ငြိမ်ကလေး နေမယ်လေ။

mgyoe.com

mgyoe.com

တရှဲရှဲ လှုပ်နေတဲ့
သစ်ရွက်ကလေးတွေက
စာကို အသံထွက် ဖတ်ပြကြမှာပေါ့။
တသွင်သွင် စီးနေတဲ့ စမ်းချောင်းကလေးက
စာကို ဂါထာရွတ်သလို ရွတ်ပြမှာပေါ့။
ခုနစ်စင်ကြယ်က
ကောင်းကင်ကနေပြီး
စာကို တေးသီပြမှာပေါ့။

ရှာတာကို ကျွန်မ မတွေ့
သင်တာကိုလည်း ကျွန်မ နားမလည်ပါလား။
ဒါပေမဲ့ ကျွန်မ မဖတ်တတ်တဲ့ ဒီစာက
ကျွန်မဘဝရဲ့ ဝန်ထုပ်ကို ပေါ့ပါးစေပြီး
ကျွန်မ အတွေးတွေကို
တေးသီချင်းတွေအဖြစ်
ပြောင်းပေးမှာပေါ့။

■

mgyoe.com

mgyoe.com

၅။
အမိပ္ပာယ် မသိခင်တုန်းမှာတော့
သဲမှုန့်ကလေး တစ်ဆုပ်ကလည်း
မင့်ရဲ့ အချက်ပြ သင်္ကေတကို
ဖုံးကွယ်နိုင်တာပါပဲ။
ခုတော့ ကိုယ် ပညာတွေ တတ်လာပြီလေ
အရင်တုန်းက ဖုံးကွယ်ထားခဲ့တဲ့
သင်္ကေတ ဟူသမျှကို
ကိုယ် ဖတ်နိုင်ခဲ့ပြီလေ။

သင်္ကေတတွေကို
ပန်းဝတ်လွှာတွေပေါ်မှာလည်း
ရေးခြယ်ထားရဲ့။
ရေမြှုပ်တွေကြားက လှိုင်းတွေကလည်း
သင်္ကေတတွေနဲ့ အချက်ပြရဲ့။
တောင်တန်းတွေကလည်း
တောင်ထိပ်တွေပေါ်ကနေပြီး
အချက်ပြ သင်္ကေတတွေကို မြှောက်ပြနေရဲ့။
အရင်တုန်းကတော့ မင်းကို မကြည့်ဘဲ
မျက်နှာကို တခြား လွှဲထားခဲ့မိတယ်။
ဒါကြောင့် စာလုံးတွေ
ကိုးရိုးကားရား ဖြစ်ပြီး
အဓိပ္ပာယ်ကို နားမလည်ဘဲ ဖြစ်ခဲ့ရတယ်။

■

mgyoe.com

၆။

လမ်းဖောက်ရာ အရပ်၌
ငါ လမ်းပျောက်ခဲ့၏။
အပြောကျယ်သော ရေပြင်၌ လည်းကောင်း
ပြာလွင်သော ကောင်းကင်၌ လည်းကောင်း
လမ်းစသည်
ရေးရေးမထင် ပျောက်ကွယ်၏။

ငှက်တို့၏ တောင်ပံများ
ကြယ်ပွင့်တို့၏ အလင်းရောင်များနှင့်
ကူးလူးလျက်ရှိသော ရာသီတို့၏
ပန်းပွင့်များ ဖုံးအုပ်သည်ဖြစ်၍
လမ်းစသည်
ရေးရေးမထင် ပျောက်ကွယ်၏။

မိမိ၏ သွေးသည်
ပျောက်ဆုံးနေသော လမ်းကို သိသော
အသိဉာဏ်တရားအား
ဆောင်ယူခဲ့ပါသလောဟု
အသည်းနှလုံးကို ငါ မေးမြန်း၏။

■

mgyoe.com

mgyoe.com SAMPLE BOOK

၇။
အလို အိမ်ထဲမှာ
ငါ နေလို့ မရတော့ပါလား။
အိမ်ဟာ ငါ့အဖို့
အိမ်လည်း မဟုတ်တော့ပါကလား။

ထာဝရ ညွှဲ့သည်ကြီးက
ငါ့ကို ခေါ်နေပြီလေ။
လမ်းမမှာ
သူ လျှောက်လာနေပြီလေ။
သူ့ခြေသံတွေက ငါ့ရင်ဝကို
လာဆောင့်နေကြတယ်။
ငါ့ကို နာကျင်စေတယ်။

လေပြင်းလို့ လှိုင်းထန်လာပြီ။
အိုးအိမ်မရှိတဲ့
ဒီလှိုင်းတွေနောက်ကို လိုက်ဖို့
စိုးရိမ်ကြောင့်ကြမှုတွေ
သံသယတွေကို ငါ စွန့်လွှတ်ခဲ့ပြီ။
ထာဝရ ညွှဲ့သည်ကြီးက
ငါ့ကို ခေါ်နေပြီ
လမ်းမမှာ သူ လျှောက်နေပြီလေ။

■

mgyoe.com

mgyoe.com SAMPLE BOOK


၈။
ခရီးထွက်ဖို့ အသင့်ပြင်တော့
အို အသည်းနှလုံး
နေရစ်ချင်သူတို့
နေရစ်ခဲ့ပါစေတော့။
မနက်ခင်း ကောင်းကင်ပြင်တွင်
သင့်အမည်ကို ခေါ်နေကြပြီ
မည်သူ့ကိုမျှ မစောင့်လေနှင့်။

အဖူးအငုံတို့၏ အလိုဆန္ဒကား
ညဥ့်ဦးယံ နှင်းစက်တို့ ဖြစ်၏။
သို့ရာတွင် ကြွေကျသည့်
ပန်းပွင့်၏ ဆန္ဒကား
အလင်းရောင် တည်းဟူသော
လွတ်လပ်မှုသာ ဖြစ်၏။
သင်၏ ဥခွံကို ခွဲ၍
အပြင်ကို ထွက်လော့
အို အသည်းနှလုံး။

■

mgyoe.com

mgyoe.com

၉။
သိုမှီးထားတဲ့
ကိုယ့် ရတနာတွေကြားမှာ
လျှောက်သွားတဲ့အခါ
ကိုယ် မွေးလာရာ သဖန်းသီးကို
အမှောင်ထဲမှာ ကိုက်စားနေတဲ့
သဖန်းပိုး တစ်ကောင်လို
ကိုယ့်ကိုယ်ကိုယ် ထင်မိတယ်။

ယိုယွင်း ပျက်စီးမှု
အကျဉ်းထောင်ကြီးထဲက
ကိုယ် ထွက်လာခဲ့တယ်။
ဟောင်းနွမ်း ဆွေးမြည့်နေတဲ့
တိတ်ဆိတ်မှုထဲမှာ
ကိုယ် မပျော်ပိုက်တော့ဘူး။
ဘာဖြစ်လို့လဲ ဆိုတော့
ထာဝရ နုပျိုခြင်းကိုသာ
ငါ အလိုရှိလို့ပဲ။

ကိုယ့်ဘဝနဲ့ မဟပ်မိတဲ့ အရာတွေ
ကိုယ့်ရယ်သံလို
တောက်ပရွှင်လန်းခြင်း မရှိတဲ့ အရာတွေကို
ငါ လွှင့်ပစ်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


အချိန်ကာလထဲကို
ကိုယ် ဖြတ်ပြေးနေတယ်။
အသည်းနှလုံးရယ်
ပြီးတော့ လှည့်လည်ရင်း
တေးသီချင်း ဆိုနေတဲ့ ကဗျာဆရာဟာ
သင့်ရဲ့ စစ်ရထားပေါ်မှာ
ကခုန်နေတယ်။

■

mgyoe.com

၁၀။

ကျွန်မ လက်ကို ကိုင်ပြီး
ရှင့်အပါးမှာ အနေခိုင်းတယ်လေ။
လူတွေ အားလုံးရှေ့
ပလ္လင် အမြင့်မှာလည်း အထိုင်ခိုင်းတယ်။
ရှက်လိုက်တာလေ။
လှုပ်လည်း မလှုပ်ရဲဘူး။
လမ်းလည်း မလျှောက်တတ်တော့ဘူး။
ခြေတစ်လှမ်း လှမ်းလိုက်တိုင်း
သူတို့ရဲ့ ပြုံးစူခြင်း ဆူးပြောင့်တွေကို
တက်နင်းမိမလားလို့
စိုးရွံ့ရတာကလည်း တထိတ်ထိတ်ပါပဲ။

နောက်ဆုံးတော့
ကျွန်မ လွတ်လပ်သွားပြီလေ။
တိုက်ခိုက်တဲ့ အသံတွေ
ပေါ်လာတယ်။
သရော်မော်ကားမှု စည်သံတွေ
မြည်ဟည်းလာတယ်။
ကျွန်မရဲ့ ထိုင်ခုံဟာလည်း နိမ့်ကျပြီး
မြေကြီးပေါ် ရောက်သွားတော့တယ်။
ကျွန်မ ရှေ့မှာ
လမ်းတွေလည်း ပွင့်သွားတယ်။

mgyoe.com

ကျွန်မရဲ့ တောင်ပံတွေဟာ
အဇ္ဈော ကောင်းကင်ထဲကို
ပျံချင်တဲ့ ဆန္ဒတွေနဲ့
ပြင်းပြနေကြတယ်။
သန်းခေါင်ယံက
ဥက္ကာပျံ ငွေကြယ်ပွင့်ဆီကို
ကျွန်မ သွားမယ်။
နက်ရှိုင်းတဲ့ အရိပ်တွေထဲကို
ကျွန်မ ငုပ်လျှိုးသွားမယ်။

ကိုယ့်မှာရှိတဲ့
ရွှေသရဖူကို ချွတ်ချခဲ့ပြီး
လျှပ်ပန်းနွယ် ခါးပတ်ကြိုးမှာ
မိုးကြိုးသွား ဓားလွယ်ကို ချိတ်လာတဲ့
မုန်တိုင်းနှင့် နွေတိမ်တိုက်ဟာ
ကျွန်မ ဘဝနဲ့ သဏ္ဍာန် အတူတူပါပဲ။
အလွန်အကျူး ပျော်မြူးတဲ့ စိတ်နဲ့
အငြင်းပယ်ခံတို့ရဲ့
ဖုန်ထတဲ့ လမ်းကလေးမှာ
ကျွန်မ ပြေးလာခဲ့တယ်။
ရှင့်ရဲ့ နောက်ဆုံး ဆီးကြိုမှု စခန်းကို
ရောက်လုပြီလေ။

mgyoe.com

mgyoe.com
SAMPLE BOOK


ကလေးဟာ
အမိရဲ့ ဝမ်းကြာတိုက်က ကျွတ်မှ
အမိမျက်နှာကို မြင်ရတယ်။
ကျွန်မလည်း
ရှင့်အိမ်ထဲက ထွက်လာပြီး
ရှင်နဲ့ ခွာလာတဲ့အခါကျတော့မှ
ရှင့်မျက်နှာကို
လွတ်လွတ်လပ်လပ် ကြည့်ရတော့တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK


၁၁။

ကျွန်မရဲ့ ကျောက်မျက်ရတနာတွေ
စီခြယ်ထားတဲ့ လည်ဆွဲရယ်လေ။
ကျွန်မကို အလှဆင်ပေးနေပေမဲ့
ကျွန်မကို လှောင်နေသလိုပါပဲ ရှင်ရယ်။
လည်မှာ ဆင်ထားပြန်တော့
ပွန်းပဲ့ပြီး အနာတရ ဖြစ်ရပြန်တယ်။
ဆွဲဖြုတ်မလို့ လုပ်တော့
ကျွန်မ လည်ကို ညှစ်ပြန်တယ်။
ဒီလည်ဆွဲ တန်ဆာဟာ
ကျွန်မ လည်ကို တင်းကျပ်စေတယ်။
ကျွန်မ တေးသံကို
ဆို့နစ်စေတယ်။

အို ရှင်ရယ်
ရှင့်လက်ကို ဆင်ပေးရမယ် ဆိုရင်တော့
ကျွန်မအဖို့ သက်သာရာ ရမှာပါပဲ။
ဒီလည်ဆွဲကို ရှင်ပဲ ယူပါတော့။
ပြီးတော့ ရှင်နဲ့အတူ ပန်းတစ်ကုံးနဲ့
တွဲပြီး ကျွန်မကို ချည်ထားပါတော့၊
ကျွန်မ လည်မှာ ရတနာလည်ဆွဲကို ဆင်ပြီး
ရှင့်ရှေ့မှာ ရပ်နေရတာကို
ကျွန်မ ရှက်လှပါပြီ ရှင်ရယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

၁၂။
ဟို အောက်မှာ
စိမ်းလဲ့ကြည်နေတဲ့ ယမုန်နာမြစ်က
တသွင်သွင် စီးလို့။
အထက်မှာတော့
အစွန်းထွက်နေတဲ့ ကမ်းပါးကြီးတွေက
မျက်မှောင်ကြုတ်လို့။
တောအုပ်တွေနဲ့ ညှိုမှိုင်းပြီး
မြစ်ချောင်းအင်းအိုင်တွေ အမာရွတ်ထင်နေတဲ့
တောင်တန်းကြီးတွေက ပတ်လည်ဝိုင်းလို့။

ရဟန်း ဂေါဝိန္ဒဟာ
ကျောက်ဆောင်တစ်ခုပေါ်မှာ ထိုင်ပြီး
တရားစာ ရွတ်နေတယ်။
သည်တုန်းမှာ ဥစ္စာမာန်စောင် ကြီးလှတဲ့
သူ့တကာ ရာဂုန္ဒ ရောက်လာပြီး ဦးချရင်း
'တပည့်တော် လှူဖွယ်ဝတ္ထုသည်
ဆင်းရဲ နုံချာလှပါသည်။
ကိုယ်တော် လက်ခံခြင်းငှာပင် မထိုက်ပါ' လို့
လျှောက်တင်တယ်။
သည်လို လျှောက်ပြီး
အလွန် အဖိုးထိုက်တန်တဲ့
ကျောက်မျက်ရတနာတွေ စီခြယ်ထားတဲ့
ရွှေလက်ကောက် တစ်ရန်ကို ဆက်ကပ်သတဲ့။

mgyoe.com

mgyoe.com

ရဟန်း ဂေါဝိန္ဒဟာ
လက်ကောက်တစ်ဖက်ကို လှမ်းယူ
လက်ချောင်း တစ်ချောင်းမှာ ချိတ်ပြီး
ဖော့ယမ်း ကစားနေတယ်။
လက်ကောက်မှာ စီခြယ်ထားတဲ့ စိန်ပွင့်တွေဟာ
အလင်းမြားတန်းတွေ
တစ်စင်းပြီး တစ်စင်း ပစ်လွှတ်နေသလို
တလက်လက်နဲ့။

သည်လို လှည့်နေရင်း
လက်ကောက်ဟာ
လက်က ကျွတ်ကျသွားပြီး
ကမ်းပါးအတိုင်း
ရေထဲ လိမ့်ကျသွားပါလေရော။
ရာဂုန္ဒဟာ 'အလိုလေး အကျိုးနည်းပါပြီ'လို့ အော်ရင်း
မြစ်ထဲကို ခုန်ဆင်းလိုက်တယ်။
ရဟန်း ဂေါဝိန္ဒကတော့
တရားစာကိုပဲ ဆက်ရွတ်နေသတဲ့။
မြစ်ရေတွေက
လက်ကောက်ကို သယ်ဆောင်ပြီး
ဆက်လက် စီးဆင်းသွားကြတယ်။
ညနေကျတော့
ရာဂုန္ဒ ပြန်ရောက်လာတယ်။
သူ့တစ်ကိုယ်လုံးလည်း ရေတွေ ရွှဲလို့၊
မောလည်း မောလှပြီလေ။

mgyoe.com

mgyoe.com

ရာဂုန္ဒက မောကြီးပန်းကြီးနဲ့
'လက်ကောက် ဘယ်မှာ ကျသွားတယ်ဆိုတာ
အရှင် ပြရင် တပည့်တော် ပြန်ရအောင်
ယူပါ့မယ် ဘုရား' လို့ လျှောက်သတဲ့။

ရဟန်း ဂေါဝိန္ဒက
'ဒီနေရာမှာ ကျသတဲ့' လို့ပြောပြီး
ကျန်တဲ့ လက်ကောက်တစ်ဖက်နဲ့ ပစ်ချပြလိုက်သတဲ့။

■

mgyoe.com

mgyoe.com
SAMPLE BOOK


၁၃။
ခရီးဖော်

လှုပ်ရှားသမျှသည်
အခါခပ်သိမ်း သင်နှင့်တွေ့ရန် ဖြစ်ပါ၏။
လှုပ်ရှားသမျှသည်
သင့်ခြေသံများနှင့် စည်းချက်ညီညီ
တေးသီရန် ဖြစ်ပါ၏။

အကြင်သူသည်
သင်၏ ထွက်သက်လေဖြင့် ထိမိငြားအံ့၊
ထိုသူသည် ကမ်းရိပ်ကို ခို၍ ခရီးမသွားပါ။
လေထဲတွင်
အစည်းအနှောင်မဲ့သော ရွက်ကို ဖွင့်၍
အဟုန်ပြင်းသော ရေစုန်ကိုသာ စီးပါ၏။

အကြင်သူသည်
သူ၏ အိမ်တံခါးများကို ဖွင့်၍
ရှေ့သို့ လှမ်းတက်အံ့။
ထိုသူသည်
သင်၏ ခွန်းဆက် မင်္ဂလာကို
ဆီးကြိုသူ ဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသူသည်
သူ၏ အောင်မြင်မှုများကိုလည်း
ရေတွက်ခြင်း မပြု။
ဆုံးရှုံးမှုဟူသမျှ အတွက်လည်း
ပူဆွေးခြင်း မရှိ။
ထိုသူ၏ နှလုံးသားသည်
ချီတက်ရန်အတွက် အောင်စည်ကိုသာ
တီးခတ်လျက် ရှိ၏။

အို ခရီးဖော်

ထိုသူသည်
သင်နှင့်အတူ ခြေလှမ်းတိုင်းတွင်
လိုက်၍ ချီတက်မည်သာတည်း။

■

mgyoe.com

mgyoe.com

၁၄။
ကျွန်မအတွက် ကမ္ဘာပေါ်မှာ
အကောင်းဆုံး ဝေစုဟာ
ရှင့် လက်ထဲက
ရောက်လာလိမ့်မယ်တဲ့။

ရှင်ပဲ
ကတိပေးခဲ့တယ်လေ။
ဒါကြောင့်မို့သာ
ကျွန်မ မျက်ရည်ထဲမှာ
ရှင့်ရဲ့ အလင်းရောင်ဟာ
ဝင်းလက်နေတာပေါ့။

ကျွန်မရဲ့ လမ်းပြ လုပ်ခိုင်းရအောင်လို့
လမ်းထောင့် တစ်ခုကနေပြီး
ရှင့်ကို စောင့်နေတုန်းမှာ
လွဲသွားပြီး တခြားလူတွေ
လာခေါ်သွားမှာကို
ကျွန်မ စိုးရိမ်မိတယ်။

ဒီလိုနဲ့
ကျွန်မ လမ်းကို ကျွန်မ
ဗွတ်တရွတ် ပေလျှောက်နေလိုက်တာ

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးကျတော့
ကျွန်မရဲ့ မိုက်မဲမှုက
ရှင့်ကို
ကျွန်မ တံခါးဝကို ရောက်အောင်
သွေးဆောင် ခေါ်လာခဲ့သည်အထိပါပဲ။
ကမ္ဘာလောကမှာ
ကျွန်မအတွက်
အကောင်းဆုံး ဝေစုတစ်ခု
ရှင့်လက်ထဲက ရောက်လာမယ်လို့
ရှင်ပဲ ကတိပေးခဲ့တယ်လေ။

■

mgyoe.com

mgyoe.com

၁၅။
အို အရှင်
သင်၏ စကားသည် ရိုးဖြောင့်၏။
သို့ရာတွင် သင့်အကြောင်းကို
ပြောသူတို့၏ စကားကား
ရိုးဖြောင့်ခြင်း မရှိကုန်။

အရှင့် ကြယ်ပွင့်များ၏ အသံကို
ကျွန်ုပ် နားလည်ပါ၏။
အရှင့် သစ်ပင်များ၏
တိတ်ဆိတ်မှုကိုလည်း
ကျွန်ုပ် သိပါ၏။

ကျွန်ုပ်၏ အသည်းနှလုံးသည်
ပန်းတစ်ပွင့်နှယ် ပွင့်မည်ကို
ကျွန်ုပ် သိပါ၏။
ကျွန်ုပ်၏ ဘဝသည်လည်း
ဖုံးကွယ်ထားသော ရေပန်းကဲ့သို့
အလိုအလျောက် ပြည့်ပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK

သင်၏ တေးသီချင်းများသည်
အထီးကျန် ပန်းပွင့်တိုင်းပြည်မှ
လာသော ငှက်များပမာ
ကျွန်ုပ်၏ အသည်းနှလုံးတွင်
သိုက်မြုံ ဆောက်ရန်
အတောင်ဖြန့်၍ ပျံလာကြပါ၏။
သို့ဖြင့် ကျွန်ုပ်သည်
ရွှင်မြူးဖွယ် အသံကို
စောင့်ရကျိုးနပ်ပါ၏။

■

mgyoe.com

mgyoe.com

၁၆။
သူတို့သည်
လမ်း သိကြသည့်အလျောက်
ကျဉ်းမြောင်းသော လမ်းအတိုင်း
သင့်ကို လိုက်ရှာကြ၏။
သို့ရာတွင် ငါတမူကား
ညကြီးသန်းခေါင်တွင်
တဝဲလည်လည်
လှည့်လည်လျက် ရှိ၏။
အကြောင်းမူ ငါသည်
ဘာမျှ နားမလည်သောကြောင့် ဖြစ်၏။

ငါသည် စာပေမတတ်။
အမှောင်ထဲတွင် သင့်ကို
ကြောက်လန့်ရမှန်း ငါ မသိ။
ထို့ကြောင့်
ငါသည် သင့်တံခါးပေါက်သို့
အမှတ်မထင် ရောက်လာ၏။

ပညာရှိတို့သည်
ငါ့အား ကြိမ်းမောင်း ပြစ်တင်ကြ၏။
ငါ့ကို မောင်းထုတ်ကြ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


အကြောင်းမူ ငါသည် လမ်းရိုးမှ
မလာသောကြောင့် ဖြစ်၏။

တွေဝေ ဆုတ်နစ်သော စိတ်ဖြင့်
ငါသည် လှည့်ထွက်ခဲ့၏။
သို့ရာတွင်
သင်က တားဆီးခြင်း ပြု၏။
သို့ဖြင့်
ပညာရှိတို့၏ ဆဲရေးသံသည်
နေ့စဉ်နှင့်အမျှ
ပို၍ ကျယ်လောင်လာသည် တကား။

■

mgyoe.com

mgyoe.com
SAMPLE BOOK


၁၇။

× × ×  × × ×  × × ×

၁၈။

ဟင့်အင်း
ပန်းဖူး ပန်းငုံတွေကို ပွင့်လာအောင်
ရှင် မတတ်နိုင်ပါဘူး။
အဖူး အငုံတွေကို လှုပ်ချဦး၊ ရိုက်ချဦး
ပွင့်လာအောင်တော့ ရှင် မတတ်နိုင်ပါဘူး။
ရှင့်ရဲ့လက်နဲ့ ထိလိုက်လို့
အဖူးအငုံကလေးဟာ ညစ်ပတ်သွားရပြီ။
ပြီးတော့ ပန်းဝတ်လွှာတွေကို
တစ်စစီ ခြွေပစ်တယ်။
ဖုန်တောထဲမှာ ကြဲပစ်တယ်။
အသွေးလည်း ပြယ်ခဲ့ပေါ့။ ရနံ့လည်း ပြယ်ခဲ့ပေါ့။
အို ရှင်ရယ်၊ ပန်းဖူးပန်းငုံကို
ပန်းပွင့်တစ်ပွင့် ဖြစ်လာအောင်
ရှင် မတတ်နိုင်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းဖူး ပန်းငုံကို ပွင့်လာအောင်
လုပ်တတ်သူအတွက်တော့
အလွယ်ကလေးရယ်ပါ။

မျက်လွှာတစ်ချက် ဝင့်လိုက်ရုံနဲ့
ပန်းဝတ်လွှာကြောတွေထဲက
ဘဝ ပန်းဝတ်ရည်ဟာ
လူးလွန့် နိုးကြားလာတယ်။

ပင့်သက် တစ်ခါ ရှိုက်ရုံနဲ့
ပန်းပွင့်ကလေးဟာ
တောင်ပံကို ဖြန့်ပြီး
လေထဲမှာ ပျံဝဲနေမယ်။

နှလုံးသားရဲ့ တမ်းတမှုကို
အရောင်အသွေးက ဝင်းဖန့်လာစေမယ်။
ဆင်းရန့်လည်း သင်းပျံ့လာမယ်။
ဖူးငုံကို ပွင့်အောင် လုပ်နိုင်သူအဖို့ကတော့
လွယ်လွယ်ကလေးရယ်ပါ။

■

mgyoe.com

mgyoe.com SAMPLE BOOK


၁၉။

ဥယျာဉ်မှူး သုဒ္ဓသည်
ဆောင်းကြွင်း ကြာပွင့်ကို ခူးခဲ့ပြီးနောက်
နန်းတော် တံခါးဝရှိ
ဘုရင်ထံ ရောင်းရန် လာခဲ့၏။

လမ်း၌ ခရီးသည်တစ်ယောက်နှင့် တွေ့သည့်အခါ
ခရီးသည်က 'နောက်ဆုံး ကြာပွင့်အတွက်
သင် လိုသမျှ တန်ဖိုးကို တောင်းပါလေ။
ကြာပွင့်ကို ဗုဒ္ဓမြတ်စွာဘုရားထံ
ငါ လှူဒါန်းလိုပါသည်' ဟု ပြော၏။
'ဤပန်းကို လိုလျှင်
ငါ့အား ရွှေဒင်္ဂါးတစ်ပြား ပေးလော့' ဟုဆို၏။
ခရီးသည်လည်း ရွှေပြားတစ်ပြား ပေး၏။

ထိုစဉ် ရှင်ဘုရင်သည်
ဗုဒ္ဓမြတ်စွာဘုရားကို ဖူးမြော်ရန်အတွက်လာရင်း
ထိုနေရာသို့ ရောက်လာ၏။ 'ဆောင်းကြွင်း ကြာပွင့်ကို
ဗုဒ္ဓ၏ ခြေတော်ရင်းတွင်
ဆက်ကပ်ရသော် ကောင်းစွ' ဟု
အကြံဖြစ်၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ဥယျာဉ်မှူးက ကြာပွင့်ကို
ရွှေဒင်္ဂါးတစ်ပြားဖြင့် ရောင်းပြီးကြောင်း
ပြောသည့်အခါတွင်
ရှင်ဘုရင်က ရွှေပြား ဆယ်ပြား ပေး၏
ခရီးသည်က နှစ်ဆ တိုးပေးပြန်၏။

လောဘကြီးသည့် ဥယျာဉ်မှူးသည်
ဗုဒ္ဓထံမှ ပို၍ များပြားသည့် အမြတ်ကို လိုချင်၏။
ထို့ကြောင့် 'ဤကြာပွင့်ကို ရောင်းချခြင်း မပြုနိုင်ပါ' ဟု
ဦးညွတ်၍ လျှောက်တင်၏။

မြို့တံခါး၏ အပြင်ဘက်
သရက်တော၏ တိတ်ဆိတ်ငြိမ်သက်သည့် အရိပ်၌
သုဒ္ဓသည် ဗုဒ္ဓမြတ်စွာဘုရား ရှေ့မှောက်တွင် ရပ်၏။
ဗုဒ္ဓ၏ နှုတ်ခမ်းတော် အစုံသည်
မေတ္တာဖြင့် အေးငြိမ်းလျက် ရှိ၏။

မျက်လုံးတော်အစုံသည်
နှင်းဆွတ် ဆောင်းဦး အရုဏ်တွင် ထွက်သည့်
မိုးသောက်ကြယ်ကဲ့သို့
ငြိမ်းချမ်းမှုအရောင် ဖြာထွက်လျက် ရှိ၏။

သုဒ္ဓသည်
မြတ်စွာဘုရား၏ မျက်နှာတော်ကို
မော်ဖူးပြီးနောက်

mgyoe.com

mgyoe.com

ကြာပန်းကို ခြေတော်ရင်းတွင်
ဆက်ကပ်ကာ နဖူးကို
မြေသို့ ထိစေ၍ ဦးခိုက်၏။

'မည်သည့်ဆုကို တောင်းလိုသနည်း၊ ငါ့သား' ဟု
ဗုဒ္ဓက ပြုံး၍ မေး၏။

'အရှင်၏ ခြေအစုံဖြင့် ထိရလိုပါ၏' ဟု
ဥယျာဉ်မှူး သုဒ္ဒ ဖြေ၏။

■

mgyoe.com

mgyoe.com SAMPLE BOOK

၂၀။
အို ညမင်း
ပုန်းကွယ်သည့် ညမင်း
ငါ့ကို သင်၏ ကဗျာဆရာ
ဖြစ်ပါစေလော့။
သင်၏ အရိပ်ထဲ၌ စကားမဆိုဘဲ
ခေတ်ပေါင်းများစွာ ထိုင်နေခဲ့ကြပြီ။
သူတို့၏ သီချင်းများကို
ငါ သီဆိုပါအံ့။
ဘီးမပါသော သင့် စစ်ရထားပေါ်သို့
ငါ့ကို တင်ပါ့။

ကမ္ဘာတစ်ခုမှ ကမ္ဘာတစ်ခုသို့
တိတ်ဆိတ်စွာ ပြေးလွှားနေသောကာလ
နန်းတော်ထဲမှ အို ဧကရီ
မှောင်မိုက်သော အလှ
ရှုးစမ်းသော
စိတ်စေတသိက် များစွာတို့သည်
သင့် တလင်းပြင်သို့ တိတ်တဆိတ်
ဝင်ရောက်လာခဲ့ကြကာ
မီးအိမ်မဲ့သော
သင့် အိမ်တွင်းတွင် လှည့်၍
အဖြေကို ရှာခဲ့ကြပြီ။

mgyoe.com

mgyoe.com SAMPLE BOOK


ဘုရားသခင်၏
လက်တော်ဖြင့် ပစ်လွှတ်လိုက်သည့်
သုခမြား စူးဝင်လျက်ရှိသော
နှလုံးသား များစွာတို့သည်
ဝမ်းမြောက်ဖွယ် ဂါထာတို့ကို
တစ်ခဲနက် ရွတ်ဆိုကာ
အမှောင်ထုကြီးကို
အောက်ခြေမှ လှုပ်ခါစေခဲ့ပြီ။

နိုးကြားလျက်ရှိသော
ဝိညာဉ်တို့သည်
၎င်းတို့ ရုတ်တရက်
ရှာတွေ့ခဲ့သည့် ရတနာတို့ကို
ကြယ်ရောင်တွင် တအံ့တသြ
ငေးမောကြည့်လျက် ရှိကြ၏။

အို ညမင်း
ငါ့အား မမှန်းဆနိုင်အောင်
နက်ရှိုင်းသည့် တိတ်ဆိတ်ခြင်း၏
လက်ဆောင် ဖြစ်စေပါ။

■

mgyoe.com

mgyoe.com
SAMPLE BOOK


၂၁။

နေ့ရက်များသည်
အကျိုးမဲ့သော ဖုန်မှုန့်တို့ဖြင့်
ငါ၏ လမ်းကို ရှုပ်ထွေးစေ၏။
သို့တိုင်အောင် တစ်နေ့တွင်မူ
ငါ့ဘဝအတွင်းတွင်
ပုန်းကွယ်နေသည့် ပျော်ရွှင်မှုတို့ကို
ငါ တွေ့ရအံ့။

ငါသည် ဘဝကို
တစေ့တစောင်း မြင်လိုက်ဖူး၏။
၎င်း၏ ထွက်သက်လေသည်
ငါ့အပေါ်သို့ ကျရောက်လာကာ
ငါ၏ အတွေးများကို
ခဏအားဖြင့်
မွှေးကြိုင် သင်းပျံ့စေပါ၏။

တစ်နေ့တွင်မူ ငါ မပါဘဲ
အလင်းရောင် ကန့်လန့်ကာ၏
နောက်ကွယ်တွင် ရှိသည့်
ပျော်ရွှင်မှုကို ငါ တွေ့ရမည် ဖြစ်ပါ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအခါ၌ ပျော်ရွှင်မှုသည်
အထီးကျန် ရှိနေမည်သာ ဖြစ်ပါ၏။
ထိုအခါ၌ အရာအားလုံးသည်
ဖန်ဆင်းရှင်၏ အလိုအတိုင်း
ရှိနေကြမည်သာ ဖြစ်ပါ၏။

■

mgyoe.com

mgyoe.com SAMPLE BOOK

၂၂။ ၂၃။

× × × × × × × × ×

၂၄။

ညက မှောင်ပိန်းနေပြီ။
မင်း အအိပ်က
ကိုယ့်ဘဝရဲ့ တိတ်ဆိတ်မှုထဲမှာ
နက်ရှိုင်းနေတယ်။
ထပါတော့၊ အချစ်ရဲ့ ဝေဒနာ။
တံခါးကို
ဘယ်လို ဖွင့်ရမှန်း ကိုယ် မသိလို့
ကိုယ် အပြင်ဘက်မှာ
ရပ်နေမိတယ်။

နာရီတွေက စောင့်ဆိုင်းပြီး
ကြယ်ပွင့်တွေက စောင့်ကြည့်ကြတယ်။
လေက ငြိမ်ပြီး တိတ်ဆိတ်မှုဟာ
ကိုယ့်နှလုံးသားထဲမှာ လေးလံနေတယ်။
နိုးပါတော့ အချစ်ရယ်၊ နိုးပါတော့။
ဟင်းလင်းဖြစ်နေတဲ့
ကိုယ့်ခွက်ကို ဖြည့်ပါတော့။
ညမိုက်ကို တေးတစ်ရှိုက်နဲ့
လှုပ်နိုးပါတော့။

■

mgyoe.com

mgyoe.com SAMPLE BOOK

၂၅။
မိုးသောက်ငှက်ငယ်က တေးသီလို့။
မိုးမသောက်ခင်
ညနဂါးကြီးက
အေးစက်နေတဲ့ သူ့အခွေကြီးနဲ့
ကောင်းကင်ကို ဖုံးထားတုန်းမှာ
မိုးသောက်တေးရဲ့ စာသားတွေကို
သူ ဘယ်ကများ ရပါလိမ့်။

မိုးသောက် ငှက်ငယ်
ကိုယ့်ကို ပြောပြစမ်းပါ။
ကောင်းကင်နဲ့ သစ်ရွက်တွေရဲ့
ညဥ့်လွှာ နှစ်ထပ်ကြားမှာ
အရှေ့ဘက်က လာတဲ့ တမန်တော်ဟာ
သင့် အိပ်မက်ထဲကို
ဘယ်လိုများ ရောက်အောင်
လာခဲ့သလဲလို့။
'နေမင်းကြီး ရောက်လို့ ညပျောက်ပြီ' လို့
သင် အော်ဟစ်ခဲ့တုန်းက
ကမ္ဘာကြီးက သင့်စကားကို
မယုံခဲ့ကြဘူးလေ။

mgyoe.com